ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

အမျိုးသားညီညွတ်ရေးအစိုးရ

ပညာရေးဝန်ကြီးဌာန

ကြေညာချက်အမှတ်(၂၀/၂၀၂၁)

၂၀၂၁ ခုနှစ်၊ ဇွန်လ(၁၆) ရက်

## အမျိုးသားညီညွတ်ရေးအစိုးရ ပညာရေးဝန်ကြီးဌာန၏ ကြားကာလပညာရေးအစီအစဉ်အား ကြေညာခြင်း

ကိုဗစ်ရောဂါကူးစက်ပျံ့နှံ့မှုကြောင့် နှောင့်နှေးခဲ့ရသော မြန်မာ့ပညာရေးသည် စစ်ကောင်စီမှ တရားမဲ့ အကြမ်းဖက်အာဏာသိမ်းခဲ့ပြီးနောက် လုံးဝပျက်စီးခဲ့ပါသည်။ မိဘပြည်သူများနှင့် ကျောင်းသူကျောင်းသားများ အတွက် ကြီးမားသော ဆုံးရှုံးနစ်နာမှုများဖြစ်ခဲ့ရပါသည်။ အကြမ်းဖက် အာဏာသိမ်းစစ်ကောင်စီမှ ကျောင်းများအမြန် အတင်းအကြပ် ဖွင့်လှစ်ခဲ့သော်လည်း နိုင်ငံတဝန်းမှ ကျောင်းသူကျောင်းသား (၉၀) ရာခိုင်နှုန်းကျော်သည် မိမိတို့၏ခိုင်မာသော ဆုံးဖြတ်ချက်များဖြင့် ၎င်းတို့ဖွင့်လှစ်သော ကျောင်းများတွင် စာရင်းသွင်း တက်ရောက်ခြင်းများ မပြုလုပ်ခဲ့သည်ကို တွေ့ရှိရပါသည်။ ထို့ကြောင့် အမျိုးသား ညီညွတ်ရေးအစိုးရ၊ ပညာရေးဝန်ကြီးဌာနသည် အနာဂတ်အတွက် တန်ဖိုးရှိသော လူငယ်မောင်မယ်များ၏ ပညာသင်ကြားသင်ယူခွင့် ဆက်လက်ရရှိစေပြီး စဉ်ဆက်မပြတ်ပညာရေးရရှိစေရန်အတွက် ဆရာဆရာမ၊ ကျောင်းသူကျောင်းသားများ၏ စုပေါင်းညီညွတ်သောအားဖြင့် ကြိုးပမ်းဆောင်ရွက်ခဲ့ရာ ယခုအခါ အခြေခံပညာရေး၊သက်မွေးပညာရေးနှင့် အဆင့်မြင့်ပညာရေးများကို စတင်၍ ဖွင့်လှစ်နိုင်တော့မည် ဖြစ်ပါသည်။ သို့ဖြစ်ပါ၍ ပညာဆက်လက် သင်ယူခွင့်ရရန်အတွက် ကြားကာလပညာရေးကို ဇွန်လအတွင်း ဖွင့်လှစ်သွားမည်ဖြစ်ကြောင်း လေးစားစွာ အသိပေးကြေညာအပ်ပါသည်။ အခြေအနေအကြောင်း အမျိုးမျိုးကြောင့် ပညာသင်ယူခွင့်ရရှိနိုင်ရန် ခက်ခဲနေသူများအားလုံးကိုလည်း အထူးအစီအစဉ်တစ်ရပ်အနေဖြင့် အကောင်အထည်ဖော်ဆောင်ပေးမည် ဖြစ်ပါကြောင်းကို လေးလေးနက်နက် အာမခံချက်ပြုပါသည်။

ပူးပေါင်းပါဝင်ကူညီကြသူများအားလုံးနှင့် ကြားကာလပညာရေးအစီအစဉ်အတွက် သင်ကြားသင်ယူသူများအားလုံးကို အမျိုးသားညီညွတ်ရေးအစိုးရ၊ ပညာရေးဝန်ကြီးဌာနအနေဖြင့် ဝမ်းမြောက်ဂုဏ်ပြုလျက် မှတ်တမ်းတင်ထားရှိပြီး တစ်ဦးတစ်ယောက်မကျန် အသိအမှတ်ပြုပါသည်။

## (၂၀၂၁-၂၀၂၂ ခုနှစ်) ကြားကာလ ပညာရေး (အခြေခံပညာရေး) အစီအစဉ်

### ရည်ရွယ်ချက်များ

၁။ မိဘပြည်သူ အများစုသည် စစ်ကောင်စီမှ ပေးသော ပညာရေးကို သပိတ်မှောက်ကာ မိမိတို့၏ သားသမီးများကို ကျောင်းမအပ်နှံရန် ဆုံးဖြတ်ခဲ့ကြသောကြောင့်လည်းကောင်း၊ ကိုဗစ်ကူးစက်ရောဂါ အန္တရာယ်ကြောင့်လည်းကောင်း၊ ကျောင်းများတွင် တပ်စွဲထားမှုများ၊ မီးရှို့ဖေါက်ခွဲ အကြမ်းဖက်မှုများကြောင့်လည်းကောင်း အခြေခံပညာ ကလေးများ ကျောင်းသွား၍ စာသင်ကြားနိုင်ရန် လုံခြုံမှုမရှိသော အခြေအနေတွင် မိမိတို့၏ အိမ်၊ ရပ်ရွာထဲတွင်နေထိုင်ကာ ပညာကို ဆက်လက်လေ့လာနိုင်ရန်

၂။ မိဘများ၊ ရပ်ရွာထဲမှ ဆရာ၊ ဆရာမ၊ လူကြီး၊ လူငယ်များ စုပေါင်းကြီးကြပ်မှု အောက်မှ သင်ခန်းစာများကို ကျောင်းသူ၊ ကျောင်းသားများ လွယ်ကူစွာ လေ့လာကြည့်ရှုနိုင်ကာ မိမိကိုယ်တိုင် အေးဆေးသက်သာစွာ သင်ယူလေ့လာနိုင်ရန်

၃။ စာအလွတ်ကျက်ပြီး စာမေးပွဲဖြေဆိုရသည့် ပုံမှန်ကျောင်းတက်ရသော ပုံစံမဟုတ်ပဲ ကျောင်းသူကျောင်းသားများ၏ ရှာဖွေစူးစမ်းလိုမှုနှင့် ကိုယ်ပိုင် တီထွင်ဆန်းသစ်တွေးခေါ်နိုင်မှုကို အားပေးလှုံ့ဆော်ကာ မိမိကိုယ်တိုင်စိတ်ပါဝင်စားစွာ သင်ယူနိုင်ရန်

### အိမ်တွင်းသင်ကြားရေး ပုံစံ Home-based learning (online/offline) အစီအစဉ်

### သင်ကြားရေးပလက်ဖောင်း (Learning Platform)

၁။ သင်ကြားရေး ရုပ်သံဖိုင်များ၊ သင်ခန်းစာများ၊ ကို ပညာရေးဝန်ကြီးဌာန၏ Moodle ပလက်ဖောင်းပေါ်တွင် အခကြေးငွေ ပေးရန်မလိုဘဲ လွယ်ကူစွာ ဝင်ရောက် ကြည့်ရှုနိုင်၊ ကူးယူနိုင်၊ လေ့လာနိုင်မည် ဖြစ်သည်။ (Moodle အသုံးပြုနည်းကိုလည်း သင်ပြပေးပါမည်။) ထိုသင်ခန်းစာ ရုပ်သံဖိုင်များကို Moodle သို့ ဝင်ရောက်စရာ မလိုဘဲ အတန်းလိုက် ဖေ့ဘုတ် စာမျက်နှာများမှလည်း လွယ်လွယ်ကူကူ ကြည့်ရှုနိုင်မည် ဖြစ်ပါသည်။

၂။ သင်ကြားရေး ရုပ်သံဖိုင်များ၊ သင်ခန်းစာများ ပါဝင်သော package file များကို အင်တာနက် မရရှိသော ဒေသများသို့ file transfer ပုံစံဖြင့် ကူးယူ ဖြန့်ချီပေးနိုင်မည် ဖြစ်ပါသည်။ အင်တာနက်မရရှိသော ဒေသများသို့ Offline

ပုံစံဖြင့် ရေဒီယို အစီအစဉ်များ၊ ဒီဗီဒီအခွေများ၊ မမ်မိုရီစတစ်များ၊ ဖုန်းနှင့် တက်ဘလက် အပလီကေးရှင်း apk file၊ ပုံနှိပ်စာအုပ် စသည် ပုံစံအမျိုးမျိုးဖြင့် ကျောင်းသားပြည်သူလက်သို့ ရောက်ရှိရန်အတွက် စီစဉ်ဆောင်ရွက်နေပါသည်။

၃။ အင်္ဂလိပ်စာ၊ သင်္ချာနှင့် သိပ္ပံဘာသာရပ်များ အတွက် နည်းပညာ အထောက်အကူပြု မိုဘိုင်းအပလီကေးရှင်း မှတစ်ဆင့် လေ့လာသင်ယူနိုင်ရန် ဆောင်ရွက်ထားရှိပါမည်။ သင်ခန်းစာ မေးခွန်းများနှင့် assignment များကို လွယ်ကူစွာဖြင့် လေ့လာဖြေဆိုနိုင်မည် ဖြစ်ပါသည်။

၄။ အချို့သော လိုအပ်သည့် သင်ခန်းစာများနှင့် လေ့လာမှုများအတွက် Zoom Platform ဖြင့် ထောက်ကူ သင်ကြားပေးနိုင်ရန် စီစဉ်ထားရှိပြီး အဆိုပါသင်ကြားမှုများကိုလည်း အင်တာနက်မရရှိရာဒေသများနှင့် အင်တာနက်သုံးစွဲရန်ခက်ခဲသူများအတွက်လည်း Off-line အနေဖြင့် လေ့လာသင်ယူနိုင်စေရန် စီစဉ်ဆောင်ရွက်ပေး သွားမည် ဖြစ်ပါသည်။

**သင်ရိုးနှင့်သင်ထောက်ကူများ**

၅။ အတန်း သင်ရိုးသစ်(KG , G1, G2, G3 , G4, G6 , G7, G10) နှင့် သင်ရိုးဟောင်း (G7, G9, G11 တက္ကသိုလ်ဝင်တန်း သင်ရိုးဟောင်း) များကို အိမ်တွင်းသင်ကြားရေးနှင့် လိုက်ဖက်မည့် ပုံစံအဖြစ် သင်ကြားရေး ရည်ရွယ်ချက်များ (learning goals) ပြည့်မီရေးကို အဓိကထားကာ ပြုလုပ်ထားသော သင်ခန်းစာများကို သင်ယူနိုင်မည်။ တစ်ရက်လျှင် ပျမ်းမျှ (၁) နာရီမှ (၃)နာရီခန့် အာရုံစိုက် လေ့လာသင်ယူနိုင်လျှင် လုံလောက်မှုရှိနိုင်ပြီး အဖန်ဖန်အထပ်ထပ်လေ့လာသင်ယူခြင်းဖြင့် ကျွမ်းကျင်ပိုင်နိုင်မှုပိုမိုရရှိစေမည် ဖြစ်ပါသည်။

၆။ မိဘများအတွက် အိမ်တွင်း ပညာသင်ကြားရေးဆိုင်ရာနည်းနာများ၊ ကလေးစိတ်ပိုင်းဆိုင်ရာနည်းနာများ အစရှိသည့် ပညာပေးလမ်းညွှန်မှုများ၊ သင်ထောက်ကူပြု ပညာပေးအစီအစဉ်များကို Facebook Page မှတစ်ဆင့် ပြုလုပ်ပေးသွားမည်ပြီး အဆင့်ဆင့်လက်ဆင့်ကမ်းနိုင်ရန် စီစဉ်ဆောင်သွားမည် ဖြစ်ပါသည်။။

၇။ ကျောင်းသားလူငယ်များအတွက် ဖက်ဒရယ်ဒီမိုကရေစီတော်လှန်ရေးအတွက် နီတိအစီအစဉ်များ (Civics for Federal Democracy Revolution)၊ ကျင့်ဝတ်နှင့် လူ့အခွင့်အရေးဆိုင်ရာ ပညာပေး အစီအစဉ်များ၊ စာပေ၊ အနုပညာ၊ သိပ္ပံပညာဆိုင်ရာ အတွေးအခေါ်၊ အတွေးအမြင်များ လှုံ့ဆော်ပေးစေမည့် အစီအစဉ်များ ထည့်သွင်းထုတ်လွှင့် ပေးသွားမည် ဖြစ်ပါသည်။

၈။ ဖက်ဒရယ်ဒီမိုကရေစီနှင့် လိုက်လျောညီထွေမှု မရှိသော သင်ရိုးသင်ခန်းစာများကို ချန်လှပ်ထားမည် ဖြစ်ပြီး သမိုင်းနှင့် လူမှုရေးဘာသာရပ်များကို ပြန်လည်သုံးသပ်မှုများ ပြုလုပ်ကာ ပြင်ဆင်သင့်သည်များနှင့် ဖြည့်စွက်သင့်သည် များကို ပြင်ဆင်ဖြည့်စွက်သွားမည် ဖြစ်ပါသည်။

၉။ လက်ရှိကြားကာလပညာရေးတွင် ကျောင်းသားလူငယ်များ၏ စိတ်ကူး၊ ဉာဏ်ရည်ဉာဏ်သွေးနှင့် စွမ်းရည် မြင့်မားစေမှုတို့ကို ဦးစားပေးပြီး လေ့လာသင်ယူနိုင်ရန် ရည်ရွယ်ပါသည်။ ပုံမှန်ကျောင်းပညာရေး ပြန်လည်တက်ရောက် နိုင်ချိန်တွင် ကျောင်းသားလူငယ်များအတွက် လွယ်ကူရိုးရှင်းပြီး **အလွတ်ကျက်ဖြေစနစ်မဟုတ်သော** အတန်းတင်ခြင်း စနစ်ကို ဆက်လက်အသိပေးသွားမည် ဖြစ်ပါသည်။

## ကြားကာလ ပညာရေး (သက်မွေးပညာရေး) အစီအစဉ်

ပညာရေးဝန်ကြီးဌာန၊ သက်မွေးပညာကော်မတီမှ လူငယ်၊ လူရွယ်များ စဉ်ဆက်မပြတ် လေ့လာဆည်းပူးနိုင်ခွင့် ရရှိစေရေးအတွက် အောက်ဖော်ပြပါ ကြားကာလပညာရေး (သက်မွေးပညာကဏ္ဍ) အစီအစဉ်များ ပြင်ဆင်နေပြီး စတင် ဆောင်ရွက်သွားမည် ဖြစ်ပါသည်။

(၁) နည်းပညာ ကောလိပ်၊ သိပ္ပံ၊ အထက်တန်းကျောင်းများမှ နောက်ဆုံးနှစ်သင်တန်းများ

(၂) ကုန်ပစ္စည်း ထုတ်လုပ်ရေး သက်မွေးပညာ နှင့် နည်းပညာဆိုင်ရာ ကာလတိုသင်တန်းများ

သင်ခန်းစာများကို ကျောင်းသူ၊ ကျောင်းသားများ ကိုယ်တိုင်လေ့လာနိုင်ရန်အတွက် ရုပ်သံဖိုင်များ၊ မှတ်စုများ ပြုလုပ်၍ (Moodle) အင်တာနက်စာမျက်နှာတွင် ထားရှိမည်ဖြစ်ပါသည်။ ကျောင်းသူ၊ ကျောင်းသားများ အချိန်မရွေး လေ့လာနိုင်ရန် စီစဉ်ထားမည် ဖြစ်ပါသည်။

နည်းပညာ ကောလိပ်၊ သိပ္ပံ ဒုတိယနှစ် နှင့် ပထမနှစ် သင်တန်းများ၊ နည်းပညာ အထက်တန်း ကျောင်း ပထမနှစ် သင်တန်းများအတွက်လည်း သင်ခန်းစာများကို ဆက်လက်ပြုစု၍ ပညာသင်ကြားသင်ယူခွင့်မဆုံးရှုံးစေရေးအတွက် ဆောင်ရွက်ပေးသွားမည် ဖြစ်ပါသည်။

ကုန်ပစ္စည်း ထုတ်လုပ်ရေး သက်မွေးပညာ နှင့် နည်းပညာဆိုင်ရာ ကာလတိုသင်တန်းများအား သက်မွေးပညာ စိတ်ဝင်စားသူ မည်သူမဆို ဝင်ရောက်လေ့လာနိုင်ရန် စီစဉ်ထားရှိမည် ဖြစ်ပါသည်။

သင်ခန်းစာများအား ဝင်ရောက်လေ့လာနိုင်မည့် နေ့ရက်များကိုလည်း ဆက်လက် ထုတ်ပြန်ကြေညာပေးသွားမည် ဖြစ်ပါသည်။

## ကြားကာလ ပညာရေး (အဆင့်မြင့်ပညာရေး) အစီအစဉ်

### ရည်ရွယ်ချက်များ

ဖွင့်လှစ်သွားမည့်ပညာရေးအစီအစဉ်များ၏ ရည်ရွယ်ချက်များမှာ အောက်ပါအတိုင်း ဖြစ်ပါသည်။

၁။ ကျောင်းသူကျောင်းသားများအနေဖြင့် အဆင့်မြင့်ပညာရပ်များကို စဉ်ဆက်မပြတ် သင်ယူခွင့်ရရှိစေရန်

၂။ အနာဂတ်ဖက်ဒရယ် အရေးနှင့် ဒီမိုကရေစီ အရေးတို့ကို ကျောင်းသူ ကျောင်းသားများအပါအဝင် ပြည်သူများ ကပါ သင်ယူလေ့လာနိုင်ရန်

၃။ လက်ရှိသင်ယူနေသော ပညာရေးအစီအစဉ်ပြီးဆုံးပါက လုပ်ငန်းခွင်ဝင်နိုင်ရန်နှင့် ဘွဲ့လွန်အဆင့်မြင့်ပညာများ သင်ယူနိုင်ရန်

၄။ အနာဂတ် ဖက်ဒရယ်ဒီမိုကရေစီပြည်ထောင်စုကို တည်ထောင်ခြင်းနှင့် ဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်ရာ တွင် အားကိုးအားထားပြုနိုင်မည့် လူငယ်မောင်မယ်များ မွေးထုတ်ပေးရန်

၅။ ဘာသာရပ်ဆိုင်ရာ အသိပညာ၊ အတတ်ပညာများတိုးတက်မြင့်မားလာပြီး လူမှုအကျိုးပြုလုပ်ငန်းများ ဆောင်ရွက်နိုင်ကြစေရန်

### စတင်ဖွင့်လှစ်မည့်သင်တန်းများ

၁။ မိဘပြည်သူများ၊ ကျောင်းသူကျောင်းသားများပါဝင်လေ့လာသင်ယူနိုင်မည့် ဖက်ဒရယ်အရေး၊ ဒီမိုကရေစီ အရေးနှင့် အခြားသော ဘာသာရပ်၊ ပညာရပ်ဆိုင်ရာ ကာလတိုသင်တန်းများ

၂။ မဟာဘွဲ့နောက်ဆုံးနှစ် (ဒုတိယပညာသင်နှစ်ဝက်) သင်တန်းများ

၃။ တတိယနှစ်ဂုဏ်ထူးတန်းနှင့် မဟာအရည်အချင်းစစ်တန်းများအပါအဝင် ဘွဲ့ကြိုနောက်ဆုံးနှစ် (ဒုတိယပညာ သင်နှစ်ဝက်) သင်တန်းများ။

၄။ ဒီဂရီကောလိပ်များ၊ ကောလိပ်များ၏ ဒုတိယနှစ်သင်တန်းများ

၅။ (၂၀၂၀)ခုနှစ် တက္ကသိုလ်ဝင်တန်းအောင် ကျောင်းသူကျောင်းသားများ လေ့လာသိရှိနိုင်ရန်အတွက် တက္ကသိုလ် ပညာရေး မိတ်ဆက် သင်တန်းများ၊ အနာဂတ်ဖက်ဒရယ် ဒီမိုကရေစီပြည်ထောင်စု တည်ဆောက်ရေးအတွက် သိသင့်သိအပ်သော သင်ခန်းစာများ၊ သက်မွေးဝမ်းကျောင်းပညာရပ်များ၊ ICT အသုံးပြုမှုများ၊ ဘာသာစကား သင်တန်းများ၊ သုတေသနလုပ်ထုံးအခြေခံများစသည်ဖြင့် မိတ်ဆက် သင်ကြားပေးသွားမည့် အစီအစဉ်များ

၆။ ပြည်သူ့အစိုးရမှကျင်းပပြုလုပ်ခဲ့သော ၂၀၂၀ခုနှစ် တက္ကသိုလ်ဝင်တန်းအောင် ကျောင်းသူ၊ ကျောင်းသားများ အတွက် အမျိုးသားညီးညွတ်ရေးအစိုးရ၊ ပညာရေးဝန်ကြီးဌာန အနေဖြင့် တက္ကသိုလ်ဝင်ခွင့် လျှောက်လွှာ လက်ခံမည့်နေ့ရက်၊ တက္ကသိုလ်ဝင်ခွင့်လမ်းညွှန် အစီအစဉ်များနှင့် နိုင်ငံတကာတက္ကသိုလ်များသို့ ချိတ်တက်ပြီး တက်ရောက်နိုင်မည့် အစီအစဉ်များကို ထပ်မံထုတ်ပြန် ကြေညာသွားမည် ဖြစ်ပါသည်။ တက္ကသိုလ်ဝင်တန်းအောင်ပြီးသော ကျောင်းသားကျောင်းသူများ၏ စိတ်ပါဝင်စားသည့်ဘာသာရပ်များကို ရွေးချယ်နိုင်မည့် ပညာရေးဝင်ခွင့်စနစ်များကို စီစဉ်ပေးမည် ဖြစ်ပါသည်။

**သင်ကြားရေးပုံစံ နှင့် သင်တန်းအပ်နှံခြင်း**

၁။ Online နှင့် Offline ပုံစံ (၂) မျိုးစလုံးဖြင့် မိမိရောက်ရာနေရာမှ လေ့လာသင်ယူ သွားနိုင်မည်ဖြစ်သည်။

၂။ မဟာဘွဲ့နောက်ဆုံးနှစ်နှင့် ဒုတိယနှစ်ဂုဏ်ထူးတန်း၊ တတိယနှစ်ဂုဏ်ထူးတန်း အပါအဝင် ဘွဲ့ကြိုနောက်ဆုံးနှစ် သင်တန်းများပါအဝင် စတင်ဖွင့်လှစ်မည့်သင်တန်းများမှ ဒုတိယပညာသင်နှစ်ဝက် ကျောင်းသား၊ ကျောင်းသူများသည် ပညာရေးဝန်ကြီးဌာန၏ website တွင် သတ်မှတ်ထားသော Online registration form တွင် သင်တန်းအပ်နှံ ရမည်ဖြစ်သည်။ ပညာရေးဝန်ကြီးဌာန ကျောင်းသား၊ ကျောင်းသူများအား ကိုယ်ပိုင် ကျောင်းသားအမှတ် (Student ID Code)များ ပြန်လည်ပေးပို့ သွားမည်ဖြစ်သည်။

၃။ မိမိတို့ ကိုယ်ပိုင်ကျောင်းသားအမှတ် (Student ID Code) များဖြင့် ပညာရေးဝန်ကြီးဌာန၏ ပညာသင်ကြားသင်ယူရေး Website (Moodle Learning Platform) တွင်

(က)သင်ခန်းစာများကို ဝင်ရောက်လေ့လာခြင်း၊ download ရယူခြင်း။

(ခ) Online သင်တန်းနှင့်သက်ဆိုင်သော ZOOM သင်တန်းရက်များနှင့် သတင်းအချက်အလက်များ ရယူခြင်း။ (Online အင်တာနက် မရရှိသောသူများ၊ သုံးစွဲရန်ခက်ခဲသူများကို သက်ဆိုင်ရာ တက္ကသိုလ် အုပ်ချုပ်ရေး ကောင်စီများမှလည်းကောင်း၊ အခြားသောနည်းလမ်းများဖြင့်လည်းကောင်း ပို့ဆောင် ပေးသွားမည် ဖြစ်ပါသည်။)

(ဂ) ကျောင်းသားကျောင်းသူများသည် ပေးအပ်ထားသော Assignment များနှင့် ကျောင်းသင်ခန်းစာ တာဝန်များကို သက်ဆိုင်ရာသင်တန်းအလိုက်သတ်မှတ်ထားသော Email Addresses များသို့ ပေးပို့သွားရမည်ဖြစ်သည်။

**ကျန်ရှိသောပညာသင်နှစ်သင်တန်းများ**

ကျန်ရှိသောပညာသင်နှစ်သင်တန်းများကိုလည်း ဆက်လက်ဖွင့်လှစ်သွားမည်ဖြစ်ပြီး ထိုသင်တန်းများမှ ကျောင်းသူကျောင်းသားများအနေဖြင့် ယခုလက်ရှိအချိန်တွင် အမျိုးသားညီညွတ်ရေးအစိုးရ၊ ပညာရေးဝန်ကြီးဌာနမှ စီစဉ်သော Public Lecture များတွင် သင်ယူလေ့လာနိုင်ပါသည်။ ထို့အပြင် သက်မွေးပညာရပ်များနှင့် အခြားသော ပညာရေး အစီအစဉ်များတွင်လည်း ပါဝင်လေ့လာသွားနိုင်ရန် စီစဉ်ပေးသွားမည် ဖြစ်ပါသည်။ Public Lecture များသည် မည်သူမဆိုတက်ရောက်သင်ကြားနိုင်သည့် သင်တန်းများဖြစ်ပြီး Facebook နှင့် YouTube တို့တွင်လည်း တိုက်ရိုက်ထုတ်လွှင့်သွားမည်ဖြစ်သည်။

**အခြား ပြင်ပမှ ဖွင့်လှစ်သင်ကြားပေးနေသော ပညာရေးအစီအစဉ်များ**

အမျိုးသားညီညွတ်ရေးအစိုးရ ပညာရေးဝန်ကြီးဌာန၏ ပညာရေးအစီအစဉ်များအပြင် အခြား စေတနာ့ ဝန်ထမ်းများ၊ အဖွဲ့အစည်းများမှ ကမကထပြုလုပ်၍ ပညာရေးအခွင့်အလမ်းများ စီစဉ်ဖန်တီးပေးမှုများ ရှိနေပါသည်။ လူငယ်လူရွယ်များ လွတ်လပ်စွာ လေ့လာဆည်းပူးနိုင်ရန် အခွင့်အလမ်းကောင်းများ ပေါ်ပေါက်လာသည် ဟု ယုံကြည်၍ ပညာရေးဝန်ကြီးဌာနအနေဖြင့် လူအများလက်လှမ်းမီ၍ အရည်အသွေးရှိသော ပုဂ္ဂလိက ပညာရေးအစီအစဉ်များကိုလည်း အားပေးကြိုဆိုလျက်ရှိပါသည်။ ဆက်လက်၍လည်း အသိအမှတ်ပြုခြင်းဆိုင်ရာ မူဝါဒများကို ပညာရေးဝန်ကြီးဌာန အနေဖြင့် သက်ဆိုင်ရာပညာရေးအဖွဲ့အစည်းများနှင့် ဆွေးနွေးညှိနှိုင်း၍ ရေးဆွဲအကောင်အထည်ဖော်သွားပါမည် ဖြစ်ပါသည်။

**ပညာရေးဝန်ကြီးဌာန**
**အမျိုးသားညီညွတ်ရေးအစိုးရ**